## Highlights from DVB Debate's Diversity Role in the Campaign

## August 5, 2015

## "What Role plays Diversity in the Campaign?"

"လက်ရှိရွေးကောက်ပွဲစနစ်အရ တမဲသာအနိုင်ရဆိုရင် လူမျိုးစုပါတီတွေရဲ့ ကိုယ်စားပြုမှုဘယ်မှာသွားရှာရမလဲ။ သာတူညီမျှဖြစ်မှုမှာ ကယားပြည်နယ်မှာဆိုရင် ကျနော်တို့ တော်တော် လုပ်ဆောင်နေရဆဲဖြစ်ပါတယ်"

စိုင်းနိုင်နိုင်ထွေး - ကယားလူမျိုးစုဒီမိုကရေစီပါတီ၊ အထွေထွေအတွင်းရေးမှူး

---

"ပါတီကြီးတွေဟာလူမျိုးစုတွေရဲ့ အရေးကို နားမလည်ပါဘူး"

ခွန်ဘီဒူး - ကယန်းအမျိုးသားပါတီ

---

"ပြည်နယ်တွေ ပြည်နယ်တွေမှာ ပါတီကြီးတွေ ပြတ်ပြတ်သားသား နိုင်လို့မရဘူး။ ဒေသခံတိုင်းရင်းသားပါတီတွေ နိုင်မှရမယ်။ ပြည်နယ်ထဲက ဒေသခံအမတ်တွေနိုင်ဖို့လိုတယ်..မတူကွဲပြားတဲ့ နိုင်ငံရေးပါတီတွေ တသီးပုဂ္ဂတွေ နိုင်ဖို့ လိုတယ်"

ဦးထူးချစ် - ကေအန်ပီပီဖွံ့ဖြိုးရေးကော်မတီ

---

"ဒေသတွင်းနိုင်ငံရေးအရင်းအမြစ်ဖွံ့ဖြိုးအောင် လူထုတွေက ဒေသတွင်းပါတီတွေကို အားကိုးပါ။ ဒေသခံတိုင်းရင်းသားပါတီတွေ ဒီထက်ပိုလုပ်နိုင်အောင် လုပ်ပြပါမယ်"

စိုင်းနိုင်နိုင်ထွေး - ကယားလူမျိုးစုဒီမိုကရေစီပါတီ၊ အထွေထွေအတွင်းရေးမှူး

---

"လူမျိုးပေါင်းစုံပါဝင်မှုကို အလေးထားတယ် ဒါနဲ့တွဲလျက် ကိုယ့်အမျိုးသားရေးအတွက် ကိုယ်ရပ်တည်ပါတယ်။ ဒါပေမယ့် လူမျိုးကြီးဝါဒကိုရောက်မသွားအောင်တော့ ထိန်းတယ်။ ကိုယ့်လူမျိုးမှုကိုယ်မထိန်းရင် လူမျိုး၊ ဘာသာစကားတွေ ပျောက်ကုန်မှာပေါ့"

ခွန်ဘီဒူး - ကယန်းအမျိုးသားပါတီ

---